# ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

Message Nine

## ဘုရားသခင်၏ဗိမာန်တော်သည် ဘုရားသခင်၏ဘုန်းတော်ဖြင့် ဖြည့်ခံရခြင်း

ဖတ်ရန်ကျမ်း။ ။ ထွ၊၂၄း၁၆။ ၄၀း၃၄-၃၅။ ၁ဘုရင်၊၈း၁၀-၁၁။ တ၊၇း၂၊ ၅၅။ ယော၊၁၇း၂၂။ ဧ၊၃း၂၁။ ဗျာ၊၅း၁၃။ ၂၁း၉-၁၁

**I. ဘုန်းတော်သည် ဘုရားသခင်၏ဂုဏ်အင်္ဂါတော်ဖြစ်သည်။ ဘုန်းတော်သည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်ကာ၊ ဘုရားသခင်သည် ခမ်းနားထည်ဝါခြင်း၌ ထင်ရှားခဲ့သည် - ထွ၊၂၄း၁၆။ တ၊၇း၅၅။**

**II. ဘုရားသခင်၏ဘုန်းတော်သည် တဲတော်နှင့် ဗိမာန်တော်ကို ဖြည့်ခဲ့သည် - ထွ၊၄၀း၃၄-၃၅။ ၁ဘုရင်၊၈း၁၀-၁၁။**

A. "ထိုအခါ မိုးတိမ်သည် စည်းဝေးရာတဲကို လွှမ်းမိုး၍၊ ယေဟောဝါ၏ဘုန်းတော်သည် တဲတော်ကို ဖြည့်လေ၏" - ထွ၊၄၀း၃၄။

1. တဲတော်ကို ထူထောင်သောနေ့တွင် မိုးတိမ်သည် ဆင်းသက်၍၊ ၎င်းကို လွှမ်းမိုးခဲ့ပြီး၊ ဘုရားသခင်၏ဘုန်းတော်သည် ဝင်ရောက်၍ ဖြည့်ပေးခဲ့ခြင်းမှာ ကြီးမြတ်လှသောနေ့ပင် ဖြစ်သည် - အငယ်၊၂၊ ၃၄-၃၅။

   a. စည်းဝေးရာတဲပတ်လည်တွင် စုဝေးနေကြသူများသည် မိုးတိမ်ကို မြင်နိုင်ကြသော်လည်း၊ နောက်ဆုံး၌ တဲတော်ရှိ အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်ရသည့် ယဇ်ပုရောဟိတ်မင်းသည် တဲတော်၏ အတွင်းပိုင်းဘုန်းတော်ကို မြင်နိုင်လေသည် - ဝတ်၊၁၆း၁၅။ ဟေဗြဲ၊၉း၇။

   b. ဤသည်မှာ ကျွန်ုပ်တို့၏ အသင်းတော်အသက်တာ အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် တဲတော် - ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော် - အထဲသို့ ဝင်ရောက်ခြင်းအားဖြင့် တိုးတက်ခြင်းရှိကာ၊ စားပွဲရှိ မုန့်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ယဇ်ပလ္လင်၌ ကြားခံတောင်းလျှောက်ခြင်း လိုအပ်နေကြောင်း ညွှန်ပြနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ၌ ဘုန်းတော်ကို တွေ့ကြုံခံစားနိုင်မည်ဖြစ်သည် - ထွ၊၄၀း၃၄-၃၅။ ယော၊၁း၁၄။

2. တဲတော်သည် မိုးတိမ်အားဖြင့် လွှမ်းမိုးခံရခြင်းနှင့် ဘုန်းတော်ဖြင့် ဖြည့်ပေးခံရခြင်းမှာ အစ္စရေးအမျိုးသားတို့အဖို့ ကြီး စွာသော ကောင်းချီးမင်္ဂလာဖြစ်ခဲ့သည်၊ သို့သော် ယနေ့တွင် ကျွန်ုပ်တို့သည် သူတို့၌ပုံဆောင်ချက်အဖြစ်သာရှိခဲ့သည့်အရာ

ကို စစ်မှန်ခြင်းအဖြစ် ရရှိကြပြီဖြစ်သည် - ၁၄း၂-၃၊ ၆၊ ၁၀-၁၁၊ ၁၆-၁၈၊ ၂၀၊ ၂၆။ ၆၂း၁၈-၂၂။ ၃း၁၆-၂၁။

B. "ထိုသို့ ယေဟောဝါ၏ အိမ်တော်သည် ယေဟောဝါ၏ ဘုန်းတော်နှင့် ပြည့်လျက်" - ၁ဘုရင်၊၈း၁၁။

1. မြေကြီးပေါ် ဘုရားသခင်၏ စုပေါင်းထင်ရှားခြင်းနှင့် ကိန်းဝပ်နေရာဖြစ်သည့် ဗိမာန်တော်သည် ဘုရားသခင်၏ဘုန်းတော်ဖြင့် ဖြည့်ခြင်း ခံရသည် - အငယ်၊၁၀-၁၁။
2. ယေဟောဝါ၏ ဘုန်းတော်သည် ယေဟောဝါ၏ ဗိမာန်တော်ကို ဖြည့်ပေးခဲ့ပြီး၊ ကောင်းကင်များ၌ရှိသော ဘုရားသခင်အား မြေကြီးသို့ ခေါ်ဆောင်လာကာ၊ မြေကြီးကို ကောင်းကင်များကို ဆက်နွယ်ပေးသည် - အငယ်၊၁၁။
3. ကမ္ဘာဦး ၂၈ ၌ ယာကုပ်သည် "မြေကြီးပေါ်၌ လှေကားထောင်လျက် အဖျားသည် ကောင်းကင်တိုင်အောင် မီ၍၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထိုလှေကားဖြင့် တက်လျက် ဆင်းလျက် ရှိကြသည်"ကို အိပ်မက်မြင်မက်ခဲ့ပြီး (အငယ်၊ ၁၂)၊ သူက "ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင်၏ အိမ်တော်၊ ကောင်းကင်တံခါးဝ ဖြစ်သည်တကား" ဟု ပြောဆိုခဲ့သည် (အငယ်၊၁၇)။
   a. ထိုနေရာတွင် ကောင်းကင်သည် မြေကြီးသို့ ဆင်းသက်လာပြီး၊ မြေကြီးသည် လှေကားအားဖြင့် ကောင်းကင်သို့ ဆက်နွယ်လျက်ရှိသည်။
   b. ဤလှေကားသည် ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်ကာ၊ ကိုယ်တော်သည် လူသားတော်အဖြစ် ကိုယ်တော်၏လူသားဇာတိဖြင့် မြေကြီးပေါ်ထောင်ထားသော လှေကားဖြစ်ကာ၊ ကောင်းကင်သို့ ဦးဆောင်ပြီး၊ ကောင်းကင်ကို မြေကြီးသို့ ဖွင့်ပေးထား၍၊ ဘုရားသခင်၏အိမ်တော် ဗေသလအတွက် မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်ပေးသူ ဖြစ်သည် - ယော၊၁း၅၁။ က၊ ၂၈း၁၉။
   c. ယနေ့ ကောင်းကင်ဆိုင်ရာ ဘုရားသခင်သည် မြေကြီးသို့ ကြွလာပြီး၊ မြေကြီးသည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော ခရစ်တော်အားဖြင့် ဘုရားသခင်ထံသို့ ပေါင်းစည်းဆက်နွယ်ခြင်း ရှိသည် - ကော၊၁း၂၇။
   d. ဘုရားသခင်သည် ကောင်းကင်မှ ဆင်းကြွလာရုံမျှသာမဟုတ်ပါ၊ ကိုယ်တော်၏ ရှခိနဘုန်းတော်သည် ဗိမာန်တော် ကို ဖြည့်ပေးခဲ့သည် - ၁ဘုရင်၊၈း၁၀-၁၁။

## III. သုံးပါးတစ်ပါးဘုရားသည် ဘုန်းတော်၏ဘုရားသခင်ဖြစ်သည် - တ၊၇း၂၊ ၅၅။

A. ဘုရားသခင်သည် ဘုန်းတော်၏ ဘုရားသခင်ဖြစ်သည် - အငယ်၊၂၊ ၅၅။

## ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

1. ဘုရားသခင် ထင်ရှားခြင်းရှိသောအခါတိုင်း ၎င်းသည် ဘုန်းတော်ဖြစ်သည်။ မမြင်ရသော ဘုရားသခင်သည် ဘုရားသခင်ဖြစ်ပြီး၊ မြင်ရသော ဘုရားသခင်သည် ဘုန်းတော်ဖြစ်သည် - ထွ၊၁၃း၂၁။
2. ဘုန်းတော်၏ဘုရားသခင်သည် အာဗြဟံထံသို့ ပေါ်ထွန်းခဲ့ပြီး၊ သူ့ကို ခေါ် ခဲ့သည်၊ သူ့ကို လောကမှ ဘုရားသခင်ထံသို့ ခွဲခြားပေးခဲ့သည်။ သူသည် ထိုဘုန်းတော်အားဖြင့် ဆွဲဆောင်ခြင်းနှင့် သိမ်းပိုက်ခြင်း ခံရသည် - တ၊၇း၂။

B. ဖေက် ၁း၁၇ တွင် ပေါလုက *ဘုန်းကြီးသောခမည်းတော်* ဟူသော ဝေါဟာရကို အသုံးပြုထားသည်။
1. ဘုန်းကြီးသော ခမည်းတော်သည် ဘုရားသခင်က များစွာသောသားများမှတစ်ဆင့် ထင်ရှားခြင်း ဖြစ်သည် - ဟေဗြဲ ၂း၁၀။
2. *ခမည်းတော်*ဟူသောနာမမှာ အသစ်မွေးဖွားခြင်းကို ညွှန်ပြပြီး၊ *ဘုန်းတော်* ဟူသော စကားလုံးက ထင်ရှားခြင်းကို ညွှန် ပြသည်။ ထို့ကြောင့် *ဘုန်းကြီးသောခမည်းတော်* ဟူသော နာမတော်သည် အသစ်မွေးဖွားခြင်းနှင့် ထင်ရှားခြင်းကို ညွှန်ပြနေခြင်းဖြစ်သည်။

C. သားတော်ခရစ်တော်နှင့် ခမည်းတော်ဘုရားသခင်သည် ဘုန်းတော်၌ အတူတူပင် ဖြစ်သည် - ယော၊၁၇း၅။
1. သားတော်ခရစ်တော်သည် ဘုရားသခင့်ဘုန်းတော်၏ ရောင်ခြည်တော်ဖြစ်သည်။ သားတော်သည် ခမည်းတော်၏ ဘုန်းတော် ထွန်းလင်းခြင်း၊ တောက်ပခြင်း ဖြစ်သည် - ဟေဗြဲ၊၁း၃က။
2. ခရစ်တော်သည် ဘုန်းတော်၏ရှင်ဘုရင်၊ ဗိုလ်ခြေများ (စစ်တပ်များ)၏အရှင်ယေဟောဝါ၊ အောင်နိုင်သော၊ ကြွလာမည့်သူဖြစ်သော ခရစ်တော်၌ ကိုယ်ထင်ရှားခဲ့သည့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည် - ဆာ၊ ၂၄း၇-၁၀။ လု၊၂၁း၂၇။ မ၊၂၅း၃၁။
3. ခရစ်တော်သည် ဘုန်းတော်၏ သခင်ဘုရားဖြစ်သည် - ၁ကော၊၂း၇-၈။
   a. ခရစ်တော်သည် ယနေ့ ကျွန်ုပ်တို့၏အသက်ဖြစ်ပြီး၊ အနာဂတ်တွင် ကျွန်ုပ်တို့၏ဘုန်းတော်ဖြစ်သည် - ကော၊၃း၄။ ၁း၂၇။
   b. ဤဘုန်းတော်သို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခေါ်တော်မူခဲ့ပြီး၊ ၎င်းအထဲသို့ ကျွန်ုပ်တို့ကို ကိုယ်တော်ခေါ် ဆောင်တော်မူလိမ့်မည်ဖြစ်သည် - ၁ပေ၊ ၅း၁၀။ ဟေဗြဲ၊၂း၁၀။

D. ပေတရုပထမစာစောင် ၄း၁၄ တွင် "ဘုန်းတော်၏ဝိညာဉ်တော်၊ ဘုရားသခင်၏ ဝိညာဉ်တော်" ကို ပြောထားသည်။

1. ဘုန်းတော်၏ဝိညာဉ်တော်သည် ဘုရားသခင်၏ဝိညာဉ်တော်ဖြစ်သည်။
2. ဘုန်းတော်၏ဝိညာဉ်တော်သည် ခရစ်တော်ကို ရှင်ပြန်ထမြောက်ခြင်း၌ ဘုန်းထင်ရှားခြင်းရှိစေသောအရှင် ဖြစ်သည် - ရော၊၁း၄။
3. ဤဘုန်းတော်၏ဝိညာဉ်တော်သည် ဒုက္ခခံစားရသော ယုံကြည်သူများထံ သူတို့နှိပ်စက်ညှဥ်းပန်းခံရခြင်း၌ သူတို့အပေါ် နားခိုတော်မူပြီး၊ ယင်းမှာ ယခုတွင် ဘုန်းတော်၌ရှိနေသည့် ရှင်ပြန်ထမြောက်သော၊ ချီးမြှောက်ခံရသော ခရစ်တော်ကို ဘုန်းထင်ရှားစေခြင်းအတွက် ဖြစ်သည် - ၁ပေ၊၄း၁၃-၁၄။

## IV. ဘုရားသခင်၏ဘုန်းတော်သည် ဘုရားသခင်၏စီမံကိန်းနှင့် ပင်ကိုမူလဆိုင်ရာ ဆက်နွှယ်နေသည် - ၁တိ၊၁း၄။ ဧ၊၁း၁၀။

A. ဘုရားသခင်၏ထာဝရပန်းတိုင်မှာ ကိုယ်တော်၏ များစွာသောသားများကို ထာဝရစုပေါင်းထင်ရှားခြင်း - ယေရုရှလင်မြို့ သစ်အတွက် ဘုန်းတော်အထဲသို့ ခေါ်ဆောင်ရန်ဖြစ်သည် - ဟေဗြဲ၊၂း၁၀။ ၁ကော၊၂း၇။ ဧ၊၁း၅-၆၊ ၁၂၊ ၁၄။ ဗျာ၊၂၁း၇၊ ၉-၁၁။

B. ဘုရားသခင်သည် ကိုယ်တော်၏ဘုန်းတော်ကို ရယူစေရန် ကျွန်ုပ်တို့ကို ကြိုတင်ခွဲခန့်မှတ်သားခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ထင်ရှားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ခွဲခန့်မှတ်သားခြင်း ပန်းတိုင်မှာ ကျွန်ုပ်တို့၏ ဘုန်းဝင်စားခြင်း ဖြစ်သည် - ၁ကော၊၂း၇။

C. ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသရေရှိသော၊ ဘုန်းတော်အဖို့အလို့ငှာ ပြင်ဆင်ထားသော ထည့်စရာတန်ဆာများအဖြစ် ကိုယ်တော်၏ ပုံသဏ္ဌာန်တော်၌ ဖန်ဆင်းခဲ့သည်။ ကျွန်ုပ်တို့သည် ဘုန်းတော်၌ ကိုယ်တော်ဖြစ်သောအရာကို ထင်ရှားစေရန် အသရေရှိသော ကိုယ်တော်၏ ထည့်စရာတန်ဆာများဖြစ်စေဖို့ ကိုယ်တော်၏ အုပ်စိုးစီမံမှုအောက်၌ ကြိုတင်ခွဲခန့်မှတ်သား ခံရကြသည် - က၊၁း၂၆။ ရော၊၉း၂၁၊ ၂၃။

D. ခရစ်တော်၏ရွေးနုတ်ခြင်းသည် ဘုရားသခင့်ဘုန်းတော်၏ တောင်းဆိုချက်ကို ပြီးပြည့်စုံစေသည် - ၃း၂၃-၂၅။ ဟေဗြဲ၊၉း၅။ ညွှန်း၊ က၊၃း၂၄။

E. ဘုရားသခင့်ဘုန်းတော်၏ ဧဝံဂေလိတရားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ထာဝရဘုန်းတော်အထဲသို့ ခေါ်တော်မူခဲ့သည် - ၂ကော၊၄း၄။ ၁တိ၊၁း၁၁။ ၁သက်၊၂း၁၂။ ၁ပေ၊၅း၁၀။ ၂ပေ၊၁း၃။

F. အရာအားလုံးပါဝင်သောခရစ်တော်သည် ကျွန်ုပ်တို့၌ ဘုန်းတော်၏မျှော်လင့်ရာအဖြစ် ကိန်းဝပ်တော်မူသည် - ကော၊၁း၂၇။၃း၄၊၁၁။

G. ကျွန်ုပ်တို့သည် သခင်ဘုရား၏ဘုန်းတော်ကို ရှုမြင်၍ ရောင်ပြန်ဟပ်သည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ပုံသဏ္ဌာန်တော်အထဲသို့ ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲလျက်နေကြသည် - ၂ကော၊၃း၁၈။

H. ခမည်းတော်ဘုရားသခင်သည် ကျေးဇူးတော်အပေါင်းတို့၏ ဘုရားသခင်အဖြစ် ကျွန်ုပ်တို့အတွင်း၌ လှုပ်ရှားနေသည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထာဝရ ဘုန်းတော်၌ ပါဝင်ဆက်နွှယ်၍၊ ဘုရားသခင်၏ဘုန်းတော် ဖြစ်လာနိုင်ကြရန်ဖြစ်သည် - ၁ပေ၊၅း၁၀။

I. ဘုရားသခင်၏စီမံကိန်းရှိ ဘုရားသခင်၏ဘုန်းတော်သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ် ပါဝင်သည် - ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက် တို့၌ ဘုရားသခင်ဖြစ်လာနိုင်ရန် ဖြစ်သည် - ယော၊၁း၁၄။ ရော၊၈း၃။ ၁း၃-၄။ ကော၊ ၃း၄။ ဟေဗြဲ၊၂း၁၀။ ဗျာ၊ ၂၁း၁၀-၁၁။

**V. ယောဟန် ၁၇း၂၂ ၌ သခင်ယေရှုသည် "ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အား ပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" ဆုတောင်းခဲ့သည်။**

A. ထာဝရအသက်အားဖြင့် ခမည်းတော်၏နာမတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်းအဆင့် (အငယ်၊၆-၁၃)၊ သန့်ရှင်းသောနှုတ် ကပတ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်းအဆင့် (အငယ်၊၁၄-၂၁) တို့အတွက် ဆုတောင်းပြီးနောက်၊ သခင်ဘုရားသည် သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထင်ရှားခြင်းအတွက် ဘုရားဆိုင်ရာ ဘုန်းတော်၌ ယုံကြည်သူများ၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် စပ်လျဉ်းသည့် တတိယ အဆင့် (အငယ်၊၂၂-၂၄) အတွက် ဆုတောင်းခဲ့သည်။

B. ခမည်းတော်က သားတော်ထံ ပေးခဲ့သည့် ဘုန်းတော်သည် သားတော်က ကျွန်ုပ်တို့ထံ ပေးခဲ့ပြီဖြစ်သည့်အလျောက် စစ်မှန် သောတစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားဆိုင်ရာ ဘုန်းတော်၌ ရှိနေသည် - အငယ်၊၂၂။

1. ဘုန်းတော်သည် ခမည်းတော်က ခမည်းတော်၏ ဘုရားဆိုင်ရာအသက်နှင့် သဘော သဘာဝဖြင့် ကိုယ်တော်၏ပြည့်ဝ ပြည့်စုံခြင်း၌ခမည်းတော်ကို ထင်ရှားစေခြင်းငှာ သားတော်ကိုပေးခဲ့သည့် သားအရိုက်အရာဖြစ်သည် - အငယ်၊၁၊၅၊ ၂၂။
2. ဘုန်းတော်၏ သွင်ပြင်လေးခု ရှိသည်၊ ယင်းတို့မှာ သားအရိုက်အရာ၊ ခမည်းတော် ၏အသက်၊ ခမည်းတော်၏ဘုရားဆိုင်ရာသဘောသဘာဝနှင့် ကိုယ်တော်၏ပြည့်ဝ ပြည့်စုံခြင်း၌ ခမည်းတော်၏ ထင်ရှားခြင်း တို့ဖြစ်သည်။ ဤအရာလေးခုသည်

သားတော်၌ ကျွန်ုပ်တို့ရရှိခဲ့သော၊ သားတော်က ကျွန်ုပ်တို့ကို ပေးအပ်ခဲ့ပြီးသော ဘုန်းတော်နှင့် ညီမျှသည် - ဧ၊၁း၅။ ၄း၁၈။ ၁ယော၊၅း၁၂။ ၂ပေ၊၁း၄။ ဗျာ၊၂၁း၉-၁၁။

C. တစ်လုံးတစ်ဝဖြစ်ခြင်း၏ တတိယအဆင့်၌ ယုံကြည်သူများသည် မိမိတို့၏အတ္တကို အပြည့်အဝ ငြင်းပယ်ခြင်းရှိပြီး၊ ခမည်း တော်၏ဘုန်းတော်ကို သူတို့၏ စုံလင်ခံရသော တစ်လုံးတစ်ဝဖြစ်ခြင်း အကြောင်းရင်းအဖြစ် မွေ့လျော်ဝမ်းမြောက်ကြကာ၊ ဘုရားသခင်ကို စုပေါင်းထားသော၊ တည်ဆောက်ခြင်းရှိသော နည်းလမ်း၌ ထင်ရှားစေကြသည် - ယော၊၁၇း၂၂။

1. တစ်လုံးတစ်ဝဖြစ်ခြင်း၏ တတိယအဆင့်၌သာ ကျွန်ုပ်တို့သည် သခင်ဘုရားကို ထင်ရှားပေါ်ထွန်းစေရန်နှင့် ဘုန်းထင် ရှားစေရန် တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ လုံးလုံးအကြွင်းမဲ့ စုံလင်ခံရကြလိမ့်မည်ဖြစ်သည်။
2. ကျွန်ုပ်တို့၌ ဘုရားသခင်၏အသက်၊ ဘုရားသခင်၏သဘောသဘာဝနှင့် ဘုရားသခင်ကိုယ်တော်တိုင်အား ရရှိလိမ့်မည်ဖြစ်ကာ၊ ယင်းမှာ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်းနှင့် ထင်ရှားခြင်းဖြစ်လာရန် ရည်ရွယ်ချက်အတွက် ဖြစ်သည် - အငယ်၊၂၂။

**VI. ဖေက် ၃း၂၁ တွင် ပေါလုက “အသင်းတော်နှင့် ခရစ်တော်ယေရှု၌ လူမျိုးစဉ်ဆက် အပေါင်းတို့ထံသို့ ကိုယ်တော်သည် ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်”ဟု ကြွေးကြော်ခဲ့သည်။**

A. ကျွန်ုပ်တို့သည် ဘုရားသခင့်ဘုန်းတော်၏ ကြွယ်ဝခြင်းများအတိုင်း ကျွန်ုပ်တို့၏အတွင်းလူအထဲသို့ ခွန်အားပေးခြင်း ခံရကြ သည်။ ဤသည်မှာ ဘုရားသခင်၏ဘုန်းတော်သည် သန့်ရှင်းသူများအထဲသို့ ဆောင်ယူခံရနိုင်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည် - အငယ်၊၁၆။ ၂ကော၊၃း၁၈။

B. ဖေက် ၃း၂၁ တွင် *ကိုယ်တော်သည် ဘုန်းကြီးတော်မူစေသတည်း* ဟူသည်မှာ ဘုရားသခင်၏ဘုန်းတော်ကို ညွှန်ပြခြင်းဖြစ်ပြီး၊ ယင်းသည် သန့်ရှင်းသူများအထဲသို့ ဆောင်ယူခံရသောဘုန်းတော်သည် ဘုရားသခင်ထံသို့ ပြန်သွားခြင်း ဖြစ်သည်။

C. ဤဘုန်းတော်သည် ကျွန်ုပ်တို့ထံ ဘုရားသခင်နှင့်အတူ ရောက်လာပြီး၊ ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ပြီးနောက် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့နှင့်အတူ ပြန်သွားမည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် အသင်းတော်၌ ဘုန်းထင်ရှားခြင်းရှိသည့် နည်းလမ်းပင်ဖြစ်သည် - အငယ်၊၁၆-၂၁။

D. ဤအသွားအပြန်လမ်းကြောင်းအားဖြင့် စကြဝဠာ၌ အဦးသီးသောအသီးဖြစ်သည့် အသင်းတော် (ယာ၊၁း၁၈) သည် ဘုရားသခင်ထံ ဘုန်းအသရေပေးရန် ဦးဆောင်နေသည်။

1. ဘုရားသခင်၏ဘုန်းတော်သည် အသင်းတော်အထဲသို့ ဆောင်ယူခံရပြီး၊ ကိုယ်တော်သည် အသင်းတော်၌ ထင်ရှားခဲ့သည် - ဧ၊၁း၂၂-၂၃။ ၂း၂၁-၂၂။ ၃း၁၆-၁၇၊ ၁၉ခ။
2. ဘုရားသခင်အဖို့ အသင်းတော်၌ ဘုန်းတော် ဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် အသင်းတော်၌ ဘုန်းထင်ရှားခြင်း ဖြစ်သည် - အငယ်၊၂၁။
3. ဘုရားသခင်သည် ဤခေတ်၌၊ အသင်းတော်ခေတ်၌မျှသာမက၊ လာမည့်ခေတ်ဖြစ်သည့် နိုင်ငံတော်ခေတ်နှင့် ထာဝရကာလဖြစ်သည့် ခေတ်ကာလများ၏ ခေတ်ကာလ၌လည်း ဘုန်းထင်ရှားခြင်းရှိလိမ့်မည်ဖြစ်သည် - မ၊၆း၁၃၊ ၂၉။ ရော၊၁၆း၂၇။ ဗျာ၊၅း၁၃။ ၂၁း၁၀-၁၁။
4. ဘုရားသခင်သည် ခေတ်ကာလများအားလုံး၌၊ မျက်မှောက်ခေတ်မှ ထာဝရကာလတစ်လျှောက် ဘုန်းထင်ရှားခြင်းရှိရန် ကိုယ်တော်သည် အသင်းတော်၌နှင့် ခရစ်တော်၌ ဘုန်းထင်ရှားခြင်း ရှိရမည်ဖြစ်သည် - ဧ၊၃း၂၁။

## VII. ယေရုရှလင်မြို့သစ်၏ ထူးကဲပေါ်လွင်သည့် သွင်ပြင်လက္ခဏာမှာ ၎င်း၌ ဘုရားသခင်၏ ဘုန်းတော်၊ ကိုယ်တော်၏ထင်ရှားခြင်း ရှိခြင်းပေတည်း - ဗျာ၊၂၁း၁၁၊ ၂၃။

A. ထာဝရကာလ၌ ဘုရားသခင်၏စုပေါင်းထင်ရှားခြင်းအဖြစ် ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏သဏ္ဌာန်တော်၊ ဘုန်းတော်၌ ဘုရားသခင်၏ပုံသဏ္ဌာန်ထင်ရှားခြင်းကို ဆောင်ထားသည် - အငယ်၊၁၀-၁၁။၄း၃။

B. ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဘုရားသခင်၏ဘုန်းတော်ကို ဆောင်ထားပြီး၊ ယင်းမှာ ဘုရားသခင်ကိုယ်တော်တိုင်သည် မြို့တော်မှတစ်ဆင့် ထွန်းလင်းနေခြင်းဖြစ်သည် - ၂၁း၁၁က။

1. ဘုရားသခင်၏ဘုန်းတော်သည် ယေရုရှလင်မြို့သစ်၏ ပါဝင်ရာဖြစ်သည်၊ အကြောင်းမှာ မြို့တော်သည် ကိုယ်တော်၏ ဘုန်းတော်ဖြင့် အပြည့်အဝ ဖြည့်ခြင်းခံရသောကြောင့် ဖြစ်သည်။ ဤသည်မှာ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်ကို ထည့်ဝင်ရန်နှင့် ကိုယ်တော်ကို ထင်ရှားရန် ထည့်စရာတန်ဆာဖြစ်ကြောင်း ညွှန်ပြနေသည်။
2. ဘုရားသခင်၏ဘုန်းတော်သည် အမှန်မှာ ဘုရားသခင်ကိုယ်တော်တိုင် ထင်ရှားပေါ်ထွန်းခြင်းဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသောမြို့တော်သည် ဘုရားသခင်၏ ဘုန်း

တော်ဖြင့် ပြည့်ဝနေခြင်းမှာ ဘုရားသခင်သည် ဤမြို့တော်၌ ထင်ရှားပေါ်ထွန်းနေကြောင်း ဆိုလိုခြင်းဖြစ်သည်။

C. ဘုရားသခင်၏ဘုန်းတော်၊ ဘုရားသခင်ထင်ရှားခြင်းသည် ယေရုရှလင်မြို့သစ်ကို အလင်းထွန်းပေးကာ၊ ဂျက်စပါမြို့ရိုးမှတစ်ဆင့် ထွန်းလင်းနေသည် - အငယ်၂၃၊ ၁၈က။
   1. ယေရုရှလင်မြို့သစ်၏အလင်းသည် ဂျက်စပါကျောက်ကဲ့သို့ ဖြစ်ပြီး၊ ကျောက်သလင်းကဲ့သို့ ကြည်လင်သည် - အငယ်၊ ၁၁ခ။
   2. ဘုရားသခင်၏ဘုန်းတော်သည် မီးခွက်ဖြစ်သော သိုးသငယ်ခရစ်တော်၌ သန့်ရှင်းသောမြို့တော်၏ မြို့ရိုးမှတစ်ဆင့် ထွန်းလင်းနေသည် - အငယ်၂၃၊ ၁၈က။

D. ဘုရားသခင်သည် ယေရုရှလင်မြို့သစ်ဖြစ်ပြီး၊ ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်းမှာ ကိုယ်တော်ကို ယေရုရှလင်မြို့သစ်အဖြစ် ယူဆောင်၍၊ ဘုန်းအသရေရှိသမျှကို ကိုယ်တော်ထံသို့ ပေးခြင်းပင် ဖြစ်သည် - အငယ်၊၂။ ရော၊၁၅း၅-၇။
   1. ဘုရားသခင်ကို ဘုန်းထင်ရှားစေခြင်းမှာ ယေရုရှလင်မြို့သစ်၌ ပါဝင်ဆက်နွှယ်ခြင်းဖြစ်သည် - ဗျာ၊၃း၁၂။ ၂၁း၁၁။
   2. ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၌ ဘုရားသခင်ကို ထင်ရှားစေသည့်အခါမှသာ ကိုယ်တော်သည် စကြဝဠာ၌ အမှန် ပင် ဘုန်းထင်ရှားခြင်း ဖြစ်သည် - ရော၊၁၆း၂၇။ ၁ကော၊၁၀း၃၁။

E. ယေရုရှလင်မြို့သစ်အဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းကြလိမ့်မည်ဖြစ်သည် - ဧ၊၁း၁၂။
   1. ထာဝရကာလ၌ ဘုရားသခင်၏သားများအားလုံးသည် ဘုရားသခင်ဖြင့် အပြည့်အဝ ပျော်ဝင်ပြည့်ဝပြီး၊ ဘုရားသခင်ကို ထင်ရှားစေကြလိမ့်မည်ဖြစ်သည် - ဟေဗြဲ၊၂း၁၀။
   2. ဘုရားသခင်သည် ကိုယ်တော်၏ ဘုန်းထင်ရှားခံရသော သားများမှတစ်ဆင့် ထင်ရှားလိမ့်မည်ဖြစ်ပြီး၊ ဤထင်ရှားခြင်း ရှိသော ဘုရားသခင်သည် ဘုန်းတော်ဖြစ်သည် - ဗျာ၊၂၁း၇။
   3. ကောင်းကင်တမန်များအားလုံးနှင့် စကြဝဠာရှိ အပေါင်းလက္ခဏာအရာများအားလုံးသည် ထင်ရှားခြင်းရှိသော ဘုရား သခင်ကို ချီးမွမ်းကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဘုန်းထင်ရှားသော သားများဖြစ်သည့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုန်းတော်ကို ချီးမွမ်းခြင်း ဖြစ်ကြလိမ့်မည်ဖြစ်သည် - ဧ၊၁း၁၂။